

နိုင်ငံကျော် ကမ္ဘာသိ
**ပန်းချီဆရာကြီး ဦးဘညဏ် (၁၈၉၇-၁၉၄၅)**
၏
အခြေခံပန်းချီရေးဆွဲနည်းစာအုပ် အတွက်
အမှာစာ
**ပန်းချီဆရာကြီး ဦးလွန်းကြွယ်**
၂၆-၁၂-၂၀၁၀

နိုင်ငံကျော် ကမ္ဘာသိ မြန်မာပန်းချီဆရာကြီး ဦးဘညဏ်အား မြန်မာနိုင်ငံ ဧရာဝတီတိုင်း ပန်းတနော်မြို့တွင် အဘ ဦးဘအို ၊ အမိ ဒေါ်ညိုတို့မှ ၁၈၉၇ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် မြန်မာနိုင်ငံ မြန်မာလူမျိုးများအတွက် မြန်မာ့သားကောင်းရတနာ ပန်းချီအနုပညာရှင်တဦးအဖြစ် မွေးဖွားပေးခဲ့သဖြင့် နောင်လာ နောက်သား မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအတွက် ပန်းချီပညာ့ အမွေဆက်ခံရရှိရန် အလွန်မတန်ပညာ့အမွေ ကျေးဇူးများကား ကြီးမားလှပါပေသည်။

ဆရာကြီး ဦးဘညဏ်သည် မြန်မာလူမျိုးဖြစ်သည့်အလျောက် ငယ်စဉ်ကပင် အနုပညာမြတ်နိုးသော သန္ဓေစိတ်ဖြင့် မြန်မာနိုင်ငံအတွင်း မြန်မာ့ပန်းချီပညာကို သင်ယူခဲ့ရာ ပြည်တွင်း၌ ၁၉၉၁-ခုနှစ်၊ ၁၄ နှစ် သားအရွယ်တွင် မြန်မာ ပန်းချီဆရာကြီး ဦးဖိုးမောင်ထံတွင်လည်းကောင်း ၊ ၁၉၄၅-ခုနှစ်တွင် မော်လမြိုင် နော်မန်ကျောင်းတွင် ပန်းချီရေးဆွဲနည်းများ ကို သင်ယူခဲ့ပြီး ၁၉၂၀-ခုနှစ်တွင် ဘားမားအတ်ကလပ်တွင် နည်းပြအဖြစ်လည်းကောင်း ဆောင်ရွက်ပြီးနောက် ၁၉၂၁-ခုနှစ် တွင် အနောက်ဥရောပနိုင်ငံသို့ ပညာသင် ခရီးထွက်ခဲ့ရာ အက်ချင်ပညာကို ရွှိုင်ယယ်ကောလိပ် လန်ဒန်တွင် သင်ယူခဲ့ပြီး ၁၉၂၂-ခုနှစ်တွင် ဆက်လက်၍ မစ္စတာ စပင်းလစ်၏ မော်ဒန် Painting School လန်ဒန်တွင် ဆက်လက် ပညာသင်ယူခဲ့ပါသည်။ ၁၉၂၄-ခုနှစ်တွင် “ Royal Etcher Certificate ” ကိုလက်ခံရရှိခဲ့ပါသည်။

၁၉၂၅-ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိကာ ရန်ကုန်ကောလိပ်တွင် Art Instructor အဖြစ် အမှုထမ်းဆောင်ရွက်ခဲ့ပါသည်။ ၁၉၂၅-ခုနှစ် လန်ဒန်သို့ Study Tour အဖြစ် သွားကာ ဥရောပတခွင် ပညာလေ့လာပြီး၊ ၁၉၃၀-ခုနှစ်တွင် မြန်မာနိုင်ငံသို့ အပြီးပြန်လာပြီး အနောက်တိုင်း ပန်းချီရေးဆွဲနည်းကို မြန်မာနိုင်ငံ၌ မျိုးစေ့ချပေးစေခဲ့သော ပန်းချီအနုပညာရှင် ဆရာကြီးတစ်ဦးဖြစ်ပါသည်။

အထက်ပါ မြန်မာလူမျိုးဖြစ်သည့် ပန်းချီအနုပညာရှင် ဆရာကြီး ဦးဘညဏ်၏ အနုပညာ အမွေပေးခဲ့သော **“အခြေခံပန်းချီရေးဆွဲနည်း”** ဆိုသည့် အဖိုးတန်ပညာပေး စာအုပ်တအုပ် ဖြစ်ပေါ် လာသည့်အကြောင်းမှာ ကျွန်တော် ပန်းချီဆရာကြီး ဦးလွန်းကြွယ်သည် ရန်ကုန်မြို့ ဗိဿနိုး ပန်းချီပြခန်းသို့ ပြပွဲပြုလုပ်ချိန်ရောက်ရှိသွားသောအခါ ပြခန်းပိုင်ရှင်ဖြစ်သူ ကိုတင်ဝင်း (ဗိဿနိုး)မှ သူ့တွင်ရှိနေသော ပန်းချီဆရာကြီး ဦးဘညဏ်၏ အခြေခံပန်းချီရေးဆွဲနည်း ပို့ချချက်များ ပါဝင်သည့် ပုံများပြသကာ စာအုပ်အဖြစ် ထုတ်ဝေဖြန့်ဖြူး ပညာဝေငှရန် အာသီသဆန္ဒ ဖြစ်ပေါ်လာကြောင်းနှင့် ထုတ်ဝေသော ပညာပေးစာအုပ်တွင် အမှာစာရေးပေးပါရန် ဆန္ဒကို ပြောပြပါသည်။

ဤအမှာစာရေးခွင့် ကြုံကြိုက်ရသည်မှာ ကျွန်တော့အတွက် ရလဒ်ကောင်းကြီးတစ်ပါးဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ပန်းချီအနုပညာရပ်တွင် ကျွန်တော်၏ ဆရာစဉ်အရပြောရပါမူ ပန်းချီဆရာကြီး ဦးဘညဏ်သည် ကျွန်တော့်အနေဖြင့် ပန်းချီပညာအမွေလက်ခံ ဆက်ခံရယူရာတွင် ပန်းချီပညာ အဘိုးဆရာကြီးဖြစ်ပါသည်။ အဘယ်ကြောင့် ကျွန်တော်၏ ပန်းချီပညာ အဘိုးဆရာကြီးဖြစ်ကြောင်း ပြောရမည်ဆိုလျှင် ကျွန်တော့်အား ရသပန်းချီပညာ ကို စလယ်ဆုံး ပညာ့အမွေပေးခဲ့သော ပန်းချီဆရာကြီး ဦးသိန်းဟံသည် နိုင်ငံကျော် ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘညဏ်၏ တပည့်ရင်းဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ပန်းချီဆရာကြီး ဦးသိန်းဟံသည် ပန်းချီဆရာကြီး ဦးဘညဏ်ထံတွင် အတူနေတပည့်အဖြစ် ဆယ်နှစ်ဆယ်မိုး သင်ယူခဲ့သော ပညာ့အမွေနှင့် ဆရာကြီး ဦးသိန်းဟံကိုယ်တိုင် ရှာတွေ့ခဲ့သော ပန်းချီပညာကို (အခြေခံ) (သဘာဝ) (သဘောတရား) ၃ ဆင့်ဖြင့် ပညာ့အမွေပေးခဲ့ပါသည်။ ထို့ကြောင့် အဘိုးပန်းချီဆရာသည် ဆရာကြီး ဦးဘညဏ်ဖြစ်၍ အဖေပန်းချီဆရာသည့် ဆရာကြီး ဦးသိန်းဟံ ဖြစ်ကာ သားပန်းချီဆရာသည် ဆရာကြီး ဦးလွန်းကြွယ်ဖြစ်ပါသည်။

ယခုထုတ်ဝေမည့် “ **အခြေခံပန်းချီရေးဆွဲနည်း** ” စာအုပ်တွင် ပန်းချီပညာဖြင့် အခြေခံ အုတ်မြစ် ဖြစ်သော ပန်းချီဝါသနာပါသူ လေ့လာလိုက်စား ပညာသင်ယူလိုသူများအတွက် ပန်းချီဆရာကြီး ဦးဘညဏ် ကိုယ်တိုင် အနီးကပ် ပို့ချချက်များ ပါဝင်ပါသည်။ မည်သည့်ပညာရပ်မဆို အခြေခံပညာသည် အလွန်အရေးကြီးသဖြင့် ဤစာအုပ်တွင် အခြေခံပန်းချီကို သိနားလည်ပြီး တည်ဆောက်မှု ပညာရပ်များကို တစ်ဆင့်ပြီးတစ်ဆင့် နည်းစံနစ်မှန်စွာ အသိမှန်အကျင့်မှန်ရရန် လေ့ကျင့်ရမည့် သင်ခန်းစာများ ပါဝင်နေပါသည်။

ပါဝင်ထားသော အခန်းကဏ္ဍများမှာ-
(1) Fundamental Element ဖြစ်သော Space, Point, Line, Shape, Form, Perspective
(2) View and Angle
(3) Nature and Design
(4) Drawing, Tone, Texture, Weight, Workmanship
(5) International Design and Myanmar Design
(6) Picture Making Composition
စသည်များကို အခြေခံစနစ် နားလည်နိုင်ရန် Theory, Practice နှင့် Practical လုပ်နိုင်ရန် အဆင့်ဆင့် ဖော်ပြ၍ သိသင့်သိအပ်သိထိုက်သော ပညာရပ်မျိုးများ ပါဝင်နေပါသည်။

ရှေးရှေးပန်းချီဆရာကြီးများဖြစ်ကြသော ဆရာကြီးဦးဘညဏ် ကဲ့သို့သော ဆရာကြီးများသည် ပညာတစ်ရပ်ဆည်းပူးသင်ယူရာတွင် စနစ်တကျဖြင့် ထဲထဲဝင်ဝင်နက်နက်ရှိုင်းရှိုင်း အခြေခံကျကျ တတ်မြောက်စေလိုသော စိတ်ကိန်းကြရာ နောင်လာနောက်သား တပည့်များကိုလည်း စနစ်တကျ အသိဦးစီးသော အတတ်ပညာရှင်အဖြစ် အောင်မြင် ထွက်ပေါ်လာစေရန် ဆန္ဒနှင့် စေတနာထားပြီး ပညာ့အမွေကို လက်ဆင့်ကမ်းပေးစေထားခဲ့ပါသည်။

ဆရာကြီး ဦးဘညဏ်သည် ဤအခြေခံပန်းချီရေးဆွဲနည်းစာအုပ်တွင် နောင်လာနောက်သား ပန်းချီပညာရှင်အဖြစ် ဖြစ်ပေါ်လာမည့်သူများကို ( မြန်မာစိတ်မပျောက်အောင် မြန်မာဒီဇိုင်းနည်းပညာဖြင့် ပညာ့အမွေတရပ်ပေးခဲ့သည်ကို မြန်မာဒီဇိုင်းကဏ္ဍ၌ တွေ့ရှိနိုင်ပါသည်။) ဆရာကြီး ဦးဘညဏ်သည် နိုင်ငံရပ်ခြားတွင် ဆယ်နှစ်ဆယ်မိုး အနောက်တိုင်း ပန်းချီပညာကို သွားရောက်ဆည်းပူးခဲ့သူ ဆရာကြီးတဦးဖြစ်သော်လည်း နိုင်ငံခြားမှ မြန်မာပြည်ပြန်ရောက်သောအခါ နိုင်ငံခြားဝတ်စုံကို မဝတ်တော့ဘဲ မြန်မာ ဝတ်စုံကိုသာ ကွယ်လွန်ချိန်အထိ ဝတ်စားဆင်ယင်သွားကြောင်း သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ မြန်မာစိတ်အပြည့်အဝရှိသော မြန်မာပန်းချီဆရာကြီး ဦးဘညဏ်သည် ၁၉၄၅ ခု၊ အောက်တိုဘာလ ၄ရက် သောကြာနေ့တွင် ကွယ်လွန်သွားပြီဖြစ်ရာ သက်တမ်း ၄၈နှစ်တွင် ကွယ်လွန် သွားကြောင်း သိရသဖြင့် အကယ်၍များ ယခုသက်တမ်းရှည်ခွင့်ရမည်ဆိုပါက ဆရာကြီး ပန်းချီအနုပညာ လောကအတွက် ကျေးဇူးများမည့် ပညာရပ်များကို ဝေငှပေးနေဦးမည်ကို မြင်ယောင်တမ်းတမိပါ တော့သည်။

ထို့ကြောင့် မြန်မာစိတ်ဓါတ်အပြည့်အဝရှိသော ဆရာကြီး ဦးဘညဏ်၏ အခြေခံပန်းချီရေးဆွဲနည်း စာအုပ်တွင် (မြန်မာမှု ဒီဇိုင်းကဏ္ဍ၏ လေ့ကျင့်ခန်းအခြေခံများကို မြန်မာလူမျိုးဖြစ်ပါက မြန်မာ့ပန်း ဒီဇိုင်းကို) ရေးဆွဲရမည်ဖြစ်ကြောင်းပညာအသိနှင့် မျိုးချစ်စိတ် မပျောက်အောင် မီးမောင်းထိုးပြ သွားခဲ့ပါသည်။ ကျွန်တော်ပန်းချီဆရာကြီး ဦးလွန်းကြွယ် (၈၁)နှစ် အနေဖြင့် အဘိုးဆရာ အဖေဆရာ သားဆရာတို့သည် ဆရာစဉ်ပြန့်ပွားမည့် ဤစာအုပ်ကို ထုတ်ဝေသူ ကိုတင်ဝင်း(ဗိဿနိုး ပြခန်းပိုင်ရှင်) အား လည်းကောင်း၊ ပုံနှိပ်ပညာဖြင့် ကူညီရိုင်းပင်းကြသည့် ပညာရှင်များအားလည်းကောင်း၊ အားပေးကူညီ ကြသော မိတ်ဆွေများအားလည်းကောင်း၊ ပန်းချီပညာဖြင့် မွေ့လျော်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ကျေးဇူးတင်စွာဖြင့်
ပန်းချီဆရာကြီး ဦးလွန်းကြွယ်